## (အရကျက်ရန် ကျောင်းလင်္ကာ)

ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်း မြွေ ဝေးမှု၊ ဥတု ဘေးဘျမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။

---

### လင်္ကာ၏ အဓိပ္ပါယ်ပြ ဖတ်စာ

(က) ချမ်းဧးသောအခါ ကျောင်းတွင်းသို့ ဝင်နေလျှင် အချမ်းသက်သာ၏၊ ပူသောအခါလည်း ကျောင်းအောက်စသည်မှာနေလျှင် အပူသက်သာ၏။

(ခ) ခြင် မှက်ကိုက်သောအခါ ကျောင်းတံခါးကို ပိတ်၍ ကျောင်းတွင်းမှာနေလျှင် ခြင် မှက် မကိုက်နိုင်၊ လေပူ လေအေးနှင့် နေပူတို့ကိုငှင်း၊ မြွေကင်းတို့ကိုငှင်း ကျောင်းသည် ကာကွယ်နိုင်၏။

(ဂ) တခံတခါ မခံသာအောင် ဥတုဖောက်ပြန်လာသဖြင့် အပူလွန်ခြင်း အဧးလွန်ခြင်းများကိုလည်း ကာကွယ်နိုင်၏။

(ဃ) ထိုသို့ အချမ်းအပူမှစ၍ ဥတုဘေးရန် အန္တရာယ်တို့ကို ကာကွယ်နိုင်ခြင်း, မိမိ၌ မကပ် မရောက် မယှက်မသန်းနိုင်ခြင်းအကျိုးငှါ၊ ဤကျောင်းကို သုံးဆောင်မှီခိုပါ၏။

(င) ကျောင်းတွင်း၌ နေထိုင်ရသောအခါ ပြခဲ့သောဘေးရန်အန္တရာယ်တို့မှ လွတ်ကင်းသောကြောင့်